# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 27, 2019 Volume 16, Number 18


၂၇.၂.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၃၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၆၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၅/ကျပ် |
| CBM Rate | = ၁၅၁၃.၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၄.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၃.၅ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၁၁.၁ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၁.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၅.၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၆၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၃၃ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၃၈ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၂၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၃၃ကျပ် |

## ယခုနှစ်အတွင်း တရုတ်နိုင်ငံက မြန်မာနယ်စပ်မှ ဆန်နှင့်ဆန်ကွဲ တရားဝင်ဝယ်ယူသွားရန်ရှိပြီး တရားမဝင်တင်ပို့မှုများကို ထိထိရောက်ရောက် အရေးယူမည်ဟုဆို

၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနယ်စပ်မှ ဆန်နှင့် ဆန်ကွဲများကို တရားဝင်ဝယ်ယူသွားရန်ရှိပြီး တရားမဝင် တင်ပို့မှုကို ထိထိရောက်ရောက်အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။



မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၃ ရက်နေ့ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တွင် ကျင်းပပြုလုပ်သော The 2th China Myanmar Economic Corridor Forum သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးဆောင်သည့် အဖွဲ့လည်း တက်ရောက်ခဲ့သည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

ယင်းသို့တက်ရောက်ခဲ့စဉ် ၂၀၁၉ ခုနှစ်တွင် ဆန်တန်ချိန်လေးသိန်းအထိ တရားဝင် (Quota) ဖြင့် တင်ပို့ခွင့်ရရှိရေးကို ညှိနှိုင်း ဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ တရားဝင် ဝယ်ယူသွားမည်ဖြစ်သောကြောင့် တရားမဝင် ဆန်နှင့် ဆန်ကွဲတင်ပို့ခြင်းကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဟု တရုတ်နိုင်ငံဘက်မှ အသိပေးပြောကြားခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် အဓိကအခက်အခဲတစ်ခုမှာ မြန်မာနိုင်ငံမှ မူဆယ်နယ်စပ်အထိ တရားဝင်တင်ပို့ခြင်းဖြစ်သော်လည်း တရုတ်နိုင်ငံဘက်ကမူ တရားဝင်ကုန်စည်အဖြစ် သတ်မှတ်ထားခြင်း မရှိကြောင်းသိရသည်။

ထို့အတွက်ကြောင့် တရုတ်နိုင်ငံဘက်က ၎င်းတို့နိုင်ငံအတွင်း တရားမဝင်ကုန်စည် ဖမ်းဆီးရေး စီမံချက်များလုပ်ဆောင်နေသည့် အချိန်ကာလများ၌ တရုတ်ကုန်သည်များက မြန်မာဘက်မှ ဆန်ဝယ်ယူခြင်း ရပ်တန့်ထားခြင်းကိုမကြာခဏကြုံတွေ့ခဲ့ရသည်။

ပြီးခဲ့သည့်လများအတွင်းက တရုတ်နိုင်ငံဘက်က တရားမဝင် ဖမ်းဆီးမှုစီမံချက်များ ဆောင်ရွက်ခဲ့သဖြင့်မြန်မာဘက်မှ ဆန်ဝယ်ယူမှုကို ရပ်တန့်ထားခြင်းကြောင့် နယ်စပ်မှ ဆန်တင်ပို့မှုသည် ယခင်နှစ်ထက် ထက်ဝက်ခန့်အထိ လျော့ကျခဲ့ကြောင်း သိရသည်။

"နယ်စပ်ကတော့ အခုအထူးသဖြင့်ပေါ့။ တရုတ်ဘက်က ဆန်နဲ့ ဆန်ကွဲကို ဝယ်ယူတဲ့ အပိုင်းမှာ သူတို့ဘက်က တရားဝင် ကုန်သွယ်မှုကို အများကြီးကန့်သတ်တဲ့ အပိုင်းတွေရှိတယ်။ တရားဝင်ကုန်သွယ်မှုကို တွန်းအားပေးလာတဲ့အခါမှာ ကျွန်တော်တို့ဆီကသွားနေတဲ့ အရင်တုန်းထဲက တစ်သက်လုံးမှီခိုလာတာ Informal Trade ကိုမှီခိုနေတဲ့သဘော ဖြစ်နေတယ်။ ကျွန်တော်တို့ နိုင်ငံဘက်က တရားဝင်သွားပေမယ့် ဟိုဘက်က တရုတ်နိုင်ငံ ဘက်ကိုကုန်သွယ်တဲ့အခါမှာ တရားမဝင် ကုန်သွယ်မှုဖြစ်နေတယ်။ ဒီတရားမဝင် ကုန်သွယ်မှုကို တရားဝင်ကုန်သွယ်မှုဖြစ်အောင် သူတို့ကုန်သည်တွေကို လုပ်နေတဲ့အခါကျတော့ ဒီဘက်ကဆန်ကို သူတို့မဝယ်နိုင်တော့တဲ့သဘောဖြစ်နေတယ်။ လက်ရှိတော့ ဒီအကန့်အသတ် အခက်အခဲကတော့ ရှိနေဦးမှာပဲ" ဟု မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ အတွင်းရေးမှူး ဦးနေလင်းဇင်က သုံးသပ်ပြောကြားထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ သင်္ဘောဖြင့် EU အဖွဲ့ဝင်နိုင်ငံများ အာဖရိကနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပြီး မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး စခန်းမှတစ်ဆင့်တရုတ်နိုင်ငံသို့လည်း တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဧပြီမှ ဇန်နဝါရီ ၁၈ ရက်အထိ ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၉ သန်း ကျော်တင်ပို့မှုမှဒေါ်လာသန်း ၆၄၀ ကျော် ရရှိထားသည်။ ယင်းအနက် နယ်စပ်မှတင်ပို့မှုမှာ စုစုပေါင်းပမာဏ၏ ၅၁ ရာခိုင်နှုန်းရှိပြီးပင်လယ်ရေကြောင်းမှ တင်ပို့မှုမှာ ၄၈ ရာခိုင် နှုန်းကျော်သာရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

**Source:** https://news-eleven.com/article/85646



## ပူတာအိုဒေသအစားအစာ ကျောက်ကြမ်းပိုးကောင်များကို တရုတ်နိုင်ငံက ဈေးကောင်းပေးဝယ်ယူနေ

ချင်ပြည်နယ် ပူတာအိုမြို့နယ်မှ ဒေသအစားအစာ ဖြစ်သည့် ကျောက်ကြမ်းပိုး အကောင်များကိုတရုတ်နိုင်ငံက ဈေးကောင်းပေးပြီး ဝယ်ယူနေကြောင်း သိရသည်။

ကျောက်ကြမ်းပိုးသည်ရှေးယခင်ကတည်းကပူတာအို ဒေသခံများ စားသောက်ခဲ့သည့် ဒေသအစားအစာ တစ်ခု ဖြစ်ပြီး တရုတ်နိုင်ငံက ယခုလပိုင်းတွင်စတင်၍ ဈေးကောင်းပေးဝယ်ယူနေကြောင်း ပူတာအိုဒေသခံ ကိုမိုးမင်းသိန်း၏ ပြောကြားချက်အရ သိရသည်။

"ကျောက်ကြမ်းပိုးဆိုတာက အင်းဆက်လို အကောင်သေးသေးနဲ့ အနံ့စူးရှပြီး ချောင်းဘေး ကျောက်တုံး ကျောက်ခဲတွေအောက်မှာ နေတဲ့အကောင်ပါ။ ပူတာအိုဒေသခံတွေ ဟိုးအရင်ကတည်းက စားသောက်ခဲ့ကြတဲ့ ဒေသအစားအစာတစ်ခုပါ။ စားနေကျလူကျတော့ အနံ့က ယဉ်သွားရင်တော့ အရမ်းမွှေးတယ်လို့ ပြောကြတာပေါ့။ ဒါပေမဲ့ အစိမ်းသက်သက်လူဆိုရင်တော့ သူကကြမ်းပိုးနံ့ဖြစ်တဲ့အတွက် အရမ်းအနံ့နံတယ်။ အရမ်းစူးရှတယ်။ တရုတ်ကစဝယ်တာ သိပ်မကြာသေးဘူး။ အခုလပိုင်း လောက်ပဲရှိသေးတယ်။ သူတို့ဆီမှာ ဟင်းမွှေး မဆလာလည်း သုံးတယ်။ နောက်ပြီး ဆေးဘက်ဝင်တယ်လို့လည်း ပြောတယ်။ ဆေးအဖြစ်ဘယ်လိုသုံးတယ်ဆိုတာတော့ ကျွန်တော် တို့လည်း မသိဘူး" ဟု ကိုမိုးမင်းသိန်းက ပြောကြားသည်။

ကျောက်ကြမ်းပိုးသည် စားသောက်ရာတွင် သတိထားစားသောက်ရသည့် အစားအစာဖြစ်ပြီး အရှင်ကိုသာ စားသောက်၍ရကြောင်းနှင့် အရှင်ကို စားသောက်ရာတွင်လည်း အကောင်၏ ဝမ်းဗိုက်ထဲမှ သေးရည်များကို ကုန်စင် အောင်ညှစ်ထုတ်ပြီးမှ စားသောက်ရကာ ကျောက်ကြမ်းပိုးအသေကောင်ကို စားမိပါက မူးဝေခြင်း၊ အော့အန်ခြင်းတို့ ဖြစ်တတ်ကြောင်း သိရသည်။

"သူက စားတော့မယ်ဆိုရင် အရှင်တွေကိုပဲ စားလို့ရတယ်။ အရှင်ကို အတောင်ပံချိုး။ ချိုးပြီးရင် သူ့ရဲ့ ဗိုက်ထဲကသေးတွေ အကုန်ညှစ်ထုတ်ရတယ်။ အဲဒီသေးပါရင် စားမိတဲ့အခါ အရမ်းစပ်တာ။ သေးရည်ကုန်အောင် ညှစ်ပြီးမှ ချက်စား၊ ကြော်စားရတယ်။ ကျောက်ကြမ်းပိုးအသေပါရင် အသေကိုတော့ ထုတ်ရတယ်။ ဖမ်းထားတဲ့ အထဲမှာ ကျောက်ကြမ်းပိုး အသေပါနေရင် လွှင့်ပစ်ရတယ် မစားရဘူး။ အသေစားမိရင် မူးတာ၊ အန်တာတို့ဖြစ်ပြီး အဆိပ်အတောက် ဖြစ်တတ်တယ်။ နောက်ပြီး ကျောက်ကြမ်းပိုးနဲ့ဆင်တူတဲ့ အကောင်တွေလည်း ရှိတယ်။ အဲဒီအကောင်တွေကို မသိဘဲ စားသောက်မိရင် သေတဲ့အထိ ဖြစ်တတ်တယ်" ဟု ကိုမိုးမင်းသိန်းက ဆက်လက် ပြောကြားသည်။

ကျောက်ကြမ်းပိုးကို ကချင်ပြည်နယ်နှင့် မြစ်ကြီးနားဘက်တွင်ပါ တွေ့ရှိရသော်လည်း တရုတ်နိုင်ငံမှဝယ်သော ကျောက်ကြမ်းပိုးနှင့် အမျိုးအစားမတူကြောင်း သိရသည်။ တရုတ်မှဝယ်သော ကျောက်ကြမ်းပိုးသည် အအေးပိုင်းတွင်

သာရှိသည့် အကောင်အမျိုးအစားဖြစ်ပြီး အကောင်အရွယ် အစားသေးငယ်ကာ လက်ညှိုး၏ လက်သည်းခွံလောက် သာရှိကြောင်း သိရသည်။ တရုတ်မှဝယ်သော ကျောက်ကြမ်းပိုး အကောင်အမျိုးအစားများကို ပူတာအိုမြို့နယ်မှ ဖုန်ကန်ရာဇီရေခဲတောင်ဘက်ရှိ နမ့်လန်ချောင်းတစ်လျှောက်တွင်သာ ပေါများစွာတွေ့ရှိရကြောင်း သိရသည်။

ထိုကျောက်ကြမ်းပိုးများကို နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လအထိသာ တွေ့ရှိရကြောင်းနှင့် ကျောက်ကြမ်းပိုးများ ဖမ်းဆီးရာတွင်ချောင်းဘေးမှ ကျောက်တုံး၊ ကျောက်ခဲများအား လှန်လှောရှာဖွေ၍ ဖမ်းဆီးခြင်း၊ ညနေပိုင်းတွင် ကားလမ်းဘေး၊ ချောင်းနံဘေး အစာရှာထွက်ပျံသန်းသည့် ကျောက်ကြမ်းပိုးများကို ဝါး၊ တံမြက်စည်း၊ ခြင်ထောင် စသည်တို့ဖြင့် ရိုက်၊ အုပ်ပြီးဖမ်းဆီးကြကြောင်း သိရသည်။

ယခုအခါ ပူတာအိုမြို့တွင် ကျောက်ကြမ်းပိုး နို့ဆီဘူး တစ်ဘူးလျှင် ကျပ် ၂၅၀၀၀၊ ၃၀၀၀၀ ပေါက်ဈေးရှိနေပြီး ပူတာအိုတွင် အဝယ်ဒိုင်ဖွင့်ထားကြကာတရုတ်နိုင်ငံသို့ ပြန်လည်ရောင်းချကြကြောင်းလည်း သိရသည်။

**Source:** https://news-eleven.com/article/85623

## ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရန် ဂျပန်လုပ်ငန်းရှင်များ အများဆုံးစိတ်ဝင်စားဟု သုတေသနစစ်တမ်းတစ်ရပ် ဖော်ပြ

ရခိုင်ပြည်နယ်တွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များက အများဆုံး စိတ်ဝင်စားမှုရှိပြီး ဒုတိယနှင့် တတိယသည် တရုတ်နှင့် အီတလီနိုင်ငံဖြစ်သည်ဟု ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် မြန်မာဆာဗေးသု တေသန ကုမ္ပဏီတို့က ထုတ်ပြန်သော ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းစစ်တမ်းသုတေသန အစီရင်ခံစာတွင် ဖော်ပြထား သည်။

ထိုစစ်တမ်းအရ ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီ ၁၀၀ ကျော်ကို စစ်တမ်းကောက်ယူပြီး ပြည်ပနိုင်ငံ ၁၅ ခု၏ လုပ်ငန်းရှင်များက ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည်ဟု အစီရင်ခံစာ၌ ပါရှိသည်။

အဆိုပါ လုပ်ငန်းရှင်များ အများဆုံးစိတ်ဝင်စားသည့် လုပ်ငန်းသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖြစ်ပြီး အဆိုပြုလွှာ ၃၇ ခုရှိကြောင်းနှင့် ဒုတိယအများဆုံးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကုန်ထုတ် လုပ်ခြင်းလုပ်ငန်းများလည်း စိတ်ဝင်စားသည်ဟု စစ်တမ်းက ဆိုသည်။

ရခိုင်ပြည်နယ်တွင် ရင်းနှီး မြှုပ်နှံရန် စိတ်ဝင်စားသည့် နိုင်ငံများသည် ဂျပန်၊ တရုတ်၊ အီတလီ၊ ကိုရီးယား၊ စင်ကာပူ၊ အမေရိကန်၊ လာအို၊ ဩစတြေးလျ၊ ပြင်သစ်၊ ဂျာမနီ၊ အိုင်ယာလန်၊ ကာဇက်စတန်၊ မလေးရှား၊ တောင်အာဖရိကနှင့် ဗြိတိန်တို့ ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဖြစ်သည်ဟု အဆိုပါ အစီရင်ခံစာက အကြံပြုထားသည်။

"မဟာဗျူဟာကျတဲ့အပြင် သယံဇာတပေါကြွယ်ဝတဲ့ ရခိုင် ပြည်နယ်မှာ လာရောက်ရင်းနှီး မြှုပ်နှံခြင်းက ရခိုင်ပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၊ ပူးပေါင်းပါဝင်ရာ ရောက်ပါတယ်"ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက ပြောသည်။

အဆိုပါ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်အစိုးရအနေဖြင့် လမ်းကွန်ရက်များ၊ လျှပ်စစ်နှင့်ဆက်သွယ်ရေး ကဏ္ဍများတွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သင့်သည်ဟု အကြံပြု ထားသည်။ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်တွင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေး ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ထုတ်လုပ်မှု ကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍ ဟူသည့် ကဏ္ဍကြီး ခြောက်ခုတွင် ရင်းနှီး မြှုပ်နှံရန် ဖိတ်ခေါ်ထားသည်။

**Source:** http://www.7daydaily.com/story/150852

## ကျောက်စိမ်းပြပွဲတွေမှာ ပြည်ပဝယ်လက် ပိုမိုဆွဲဆောင်ဖို့ လိုအပ်

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွေမှာ ကျောက်စိမ်းရောင်းအားကျဆင်းမှုကို ကုစားနိုင်ဖို့ဆိုရင် နိုင်ငံတကာက အပြိုင်အဆိုင်ဝယ်လက်တွေ လာချင်အောင် ပိုမိုဆွဲဆောင်ဖိတ်ကြားဖို့ လိုအပ်တယ်လို့ ကျွမ်းကျင်သူ အချို့က အကြံပြု ပြောဆိုပါတယ်။



'နိုင်ငံတကာ ကုန်သည်တွေ အပြိုင်အဆိုင် ဖိုက်ရင်းနဲ့ ဈေးတွေ ကျွံထွက်တာမျိုး ဒီဘက်ပိုင်းမှာ အားနည်းတယ်၊ အဲဒါ ဘာဖြစ်လာလဲဆိုရင် ဖိတ်ကြားမှု အားနည်းတာပေါ့၊ အပြိုင်အဆိုင် ကုန်သည်ဝယ်ယူတယ် ဆိုတာလဲ ဖိတ်ကြားတဲ့အပေါ်မှာ အများကြီးမူတည် တယ်၊ ဆိုလိုတာက အရည်လိုင်း၊ လက်ကောက်လိုင်းစ သဖြင့် အပြိုင်အဆိုင်ဝယ်တဲ့သူလာမှ ရောင်းအားတွေ ဘာတွေ ကောင်းသွားလာနိုင်မှာ၊ ကုန်သည် ဖိတ်ကြားမှု အပိုင်းမှာ ကုန်သည်တွေလာချင်အောင် ဝယ်ချင်အောင် ဝယ်နိုင်အောင်ဆိုတဲ့ စနစ်တစ်ခု လိုအပ်တယ်လို့ ဒါဦးအမြင်ပေါ့" လို့ ကျောက်မျက်ရတနာပြပွဲတွေမှာ ကျောက်စိမ်း တင်သွင်းရောင်းချ ဝယ်ယူနေတဲ့ ကုန်သည်ဦးဇော်ဇော်က ပြောပါတယ်။

၂၀၁၉ ခုနှစ် ၅၆ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (အင်ပိုရီယမ်)ကို လာမဲ့မတ်လ ၁၁ ရက်မှ ၂၀ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမမှာပြုလုပ်မှာဖြစ်ပါတယ်။ ကျောက်စိမ်း၊ ပတ္တမြား၊နီလာ၊ပုလဲ စတဲ့ ကျောက်မျက်ရတနာမျိုးစုံကိုလည်း တင်သွင်းရောင်းချတဲ့ အင်ပိုရီယမ် ပြပွဲတွေဟာ နိုင်ငံခြားသား ကျောက်မျက် ကုန်သည်တွေ အထူး စိတ်ဝင်စားတဲ့ ပြပွဲဖြစ်ပါတယ်။ ၅၅ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲမှာ ကျောက်စိမ်းအတွဲပေါင်း ၆၅၀၀ ကျော်၊ ၂၀၁၇ ခုနှစ် ၊ ၅၄ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲမှာ ကျောက် စိမ်းအတွဲ ၆၅၆၁ တွဲတင်ပြ ရောင်းချခဲ့ပြီး ၅၃ ကြိမ်မြောက်ပြပွဲမှာ ကျောက်စိမ်းအတွဲပေါင်း ၅၈၀၀ ကျော် တင်ပြရောင်းချခဲ့ပါတယ်။ နိုင်ငံခြားသား ကျောက်မျက်ကုန်သည်တွေ အထူး စိတ်ဝင်စားတဲ့ ပြပွဲဖြစ်ပေမဲ့လည်း မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွေမှာ ကျောက်စိမ်း ကျောက်မျက် ရောင်းချရမှုဟာ တစ်နှစ်ထက် တစ်နှစ် လျော့နည်း ကျဆင်းနေပါတယ်။

ပြည်တွင်းဈေးကွက်၊ ကျောက်မျက်ပြပွဲတွေနဲ့ ပတ်သက်လို့ နိုင်ငံတကာ ဝယ်လက်တွေ ကျယ်ကျယ် ပြန့်ပြန့် သိရှိနိုင်မယ့် သတင်းအချက်အလက်တွေ ဖြန့်ဝေနိုင်မှု အားနည်းတာအပြင် နိုင်ငံတကာဈေးကွက်အကြောင်းပြည်တွင်း ကျောက်စိမ်းသမားတွေသိရှိအောင် သတင်းအချက်အလက်ဖြန့်ဝေပေးမှု အားနည်းတွေက ပြပွဲဈေးကွက်ဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေတယ်လို့ ဈေးကွက်ကျွမ်းကျင်သူအချို့က ဆိုပါတယ်။

မြန်မာနိုင်ငံဟာ အရည်အသွေးမြင့် ကျောက်စိမ်းထွက်ရှိရာ ပင်ရင်းနိုင်ငံဖြစ်ပေမဲ့ ဈေးကွက်ဖြစ်တည်မှုမှာ အားနည်းတယ်။ ဈေးကွက်ဖွံ့ဖြိုးရေးမှာ အဓိကကျတဲ့ ကျောက်စိမ်းကဏ္ဍနဲ့ပတ်သက်ပြီး နိုင်ငံတကာက သိရှိ စိတ်ဝင် စားလာအောင် လုပ်ဆောင်နိုင်မှုအပိုင်းမှာ လိုအပ်ချက်အချို့ ရှိနေတယ်လို့ ဈေးကွက်ကျွမ်းကျင်သူ အချို့က ဆိုပါ တယ်။

**Source:**https://www.kumudranews.com/news-32551

## ပြည်တွင်း ပဲမျိုးစုံဈေးကွက် တည်ငြိမ်ရေးအတွက် ရေတို၊ ရေရှည်အစီစဉ်များ ချမှတ်ဆောင်ရွက်မည်

ပြည်တွင်း ပဲမျိုးစုံဈေးကွက် တည်ငြိမ်ရေးအတွက် ရေတို၊ ရေရှည်အစီစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။ ယင်းဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးအောင်စိုးက" ပဲမျိုးစုံကို ပို့ကုန်မဟာဗျူဟာမှာလည်း ထည့်သွင်းရေးဆွဲ ဆောင်ရွက်နေတယ်။ ပဲက ပြည်တွင်းစားသုံးမှု နည်းပြီးတော့ ပြည်ပကိုပဲ အဓိကထားပို့တော့ ပဲတင်သွင်းမှုတွေအပေါ် အိန္ဒိယက ကန့်သတ်တာကြောင့် ရေတို၊ ရေရှည် ဆောင်ရွက်မယ့် လုပ်ငန်းအစီစဉ်တွေ လိုအပ်လာတယ် ” ဟု ပြောသည်။

ယခင်နှစ် ဩဂုတ်လက ပဲနှင့် ပက်သက်သည့် ဖိုရမ်တွင် မတ်ပဲ၊ ပဲစင်းငုံလျော့ချစိုက်ရန် ဆုံးဖြတ်ခဲ့ကြသော်လည်း မတ်ပဲ မစိုက်မီ အချိန်ကာလအတွင်း ဈေးနှုန်း ပြန်လည်ကောင်းမွန်လာ၍ တောင်သူများမှ အနည်းငယ်သာ လျော့ချ စိုက်ပျိုးခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် ၈၀ ရာခိုင်နှုန်းခန့်အထိ စိုက်ပျိုးမှုရှိနေကြောင်း၊ ထို့ကြောင့် အထွက်တန်ချိန် ငါးသိန်းကျော် ရှိမည်ဟု ခန့်မှန်းထားပြီး မတ်ပဲတန်ချိန် ၃ သိန်းမှ ၄ သိန်းအထိသာ ဈေးကွက် ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ကုန်သည်များက ခန့်မှန်းထားသည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူးဦးမင်းကိုဦးက" ပဲလုပ်ငန်း ရေတိုအတွက်ဆိုရင် နိုင်ငံတော်နဲ့အသင်း ပူးပေါင်းပြီးတော့ Short term loan တစ်ခုခုနဲ့ ပဲဝယ်နိုင်ဖို့ စီမံဆောင်ရွက်ဖို့အပြင် ရေရှည်အတွက် ဆိုရင် G to G လုပ်နိုင်ဖို့နဲ့ အစားထိုးသီးနှံတွေ စိုက်ပျိုးတာပဲ ဖြစ်တယ်” ဟု ပြောသည်။

ရေရှည် လုပ်ငန်းစဉ်များတွင် ပြည်ပဈေးကွက်ရှာဖွေခြင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း၊ G to G စနစ်ဖြင့် ဈေးကွက်သစ် နိုင်ငံများ ရရှိအောင်ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးကောင်းမွန်သော ဒေသများတွင် သိုလှောင်ရုံများ တည်ထောင်ကာ သီးနှံအာမခံစနစ်မျိုး ထားရှိခြင်း၊ အစားထိုးသီးနှံ မျိုးကောင်း၊ မျိုးသန့် တစ်နိုင်ငံလုံး ဖြန့်ဖြူးခြင်း စသည်တို့ကို ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယတရားရုံး၏ ခွင့်ပြုချက်ဖြင့် တင်သွင်းနေသည့် မတ်ပဲနှင့် ပဲစင်းငုံတို့အား အိန္ဒိယအကောက် ခွန်ဌာနမှ ရပ်ဆိုင်းလိုက်ခြင်းကြောင့် ပြည်တွင်းပဲဈေးနှုန်း ကျဆင်းလာမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ပဲမျိုးစုံ တင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့၏ လုပ်ငန်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၉ ရက်နေ့က ပြုလုပ်ခဲ့သည်။

လက်ရှိ ပြည်တွင်း၌ မတ်ပဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးပြီး၊ ဆောင်းရာသီကာလ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးကာ မတ်လနှင့် ဧပြီလများတွင် ထွက်ရှိပြီး မတ်ပဲစိုက် ဧကပေါင်း ၂ ဒသမ ၇၃ သန်းခန့်ရှိကြောင်း သိရသည်။

အလားတူ ပဲစင်းငုံသီးနှံကို နှစ်စဉ် စိုက်ဧက ၁၆ သိန်းနီးပါးရှိပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးသည့် ပဲစင်းငုံ အများစုမှာ သက်ကြီးမျိုးများဖြစ်၍ ပဲစင်းငုံစိုက်ပျိုး ဧရိယာ၏ ၉၀ ရာခိုင် နှုန်းကျော်မှာ သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးသည်။ ပဲစင်းငုံကို မိုးသီးနှံအဖြစ် မေလနှင့် ဇွန်လတို့တွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရိတ်သိမ်းကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6868

## ဒူးရင်းသီး၊ မင်းကွတ်သီးများ ဈေးကောင်းသော်လည်း သီးနှံအထွက်လျော့



မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးရှိ ကျေးရွာများ ၌ ယခုနှစ်တွင် ရာသီပေါ် သီးနှံများဖြစ်သည့်ဒူးရင်းသီး၊မင်းကွတ်သီးများ ဈေးကွက်အတွင်း စတင်ဝင်ရောက်သည့် အချိန်တွင် ဈေးကောင်းရရှိပြီး သီးနှံပင်များ ရှားပါးလာမှုကြောင့် ယခင်နှစ်များထက် သီးနှံအထွက် လျော့ကျ ကြောင်း သိရသည်။

"လက်ဦးသီးရရင် ဈေးကောင်းရတယ်၊ မနှစ်ကဒေသဒူးရင်းသီး (ပုံမှန်) တစ်လုံးကို ကျပ် ၅၀၀၀ လောက်ရတယ်၊ မင်းကွတ်သီးတစ်လုံး

ကျပ် ၂၅၀ ခန့်ရတယ်။ အခုက ခြံထဲမှာ ဒူးရင်းသီးတွေတော့ တစ်လုံးစ၊ နှစ်လုံးစ ကြွေနေပါပြီ၊ မင်းကွတ်သီးတွေလည်း ရင့်မှည့်စပြုနေပါပြီ။ မနှစ်ကထက် အသီးမများတော့ဘူး'' ဟု ဝင်းပကျေးရွာမှ ခြံပိုင်ရှင်တစ်ဦး က ပြောသည်။

သစ်သီးရောင်းချသူ တစ်ဦးက ''ဒူးရင်းသီးရောင်းဈေးက တစ်လုံး ကျပ် ၈၀၀၀ လောက်ရောင်းပါတယ်၊ မင်းကွတ်သီးက မထွက်သေးပါဘူး၊ ဒီမှာရောင်းတဲ့ မင်းကွတ်သီးတွေက ယိုးဒယားက လာတဲ့ အသီးတွေပဲ ရောင်းနေရပါတယ်'' ဟု ပြောသည်။

နာမည်ကျော် ဒူးရင်းပင်များသည် လွန်ခဲ့သော ဆယ်စုနှစ်ကျော် ကတည်းက သီးနှံခြံမြေများပေါ်တွင် ရော်ဘာပင်များ အစားထိုးစိုက်ပျိုးလာသောကြောင့် အပင်များ တစ်နှစ်ထက်တစ်နှစ်၊ လျော့နည်းလာ၍ သေဆုံးအပင်များလည်းရှိကာ အစားထိုး ထပ်မံစိုက်ပျိုးသူ နည်းလာပြီး သီးနှံအထွက် လျော့နည်းလာခြင်းဖြစ် ကြောင်း သိရသည်။

**Source:**https://www.facebook.com/TheMirrorDaily/

## STOCK EXCHANGE (27.2.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 1,576 | 13,868,800 | 27,112,747 | 238,592 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 872 | 2,528,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +100 | +1.39% | 7,300 | 7,300 | 7,300 | 3 | 21,900 | 10,400,986 | 75,927 |
| FPB | 00004 | 21,000 | -1,000 | -4.55% | 21,000 | 21,000 | 21,000 | 100 | 2,100,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 211 | 569,700 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.25 | -1.05 | -0.28% | 376.30 | 376.30 | 375.25 | 2,762 | 19,089,200 | 5 | 512,302 |


**Index chart**



# Market Overview

As of 1:00 pm, 27th Feb. 2019

| MYANPIX | 375.25 ▼ 1.05 |
|---|---|
| Total Volume (shares) | 2,762 |
| Total Value (MMK) | 19 mil |
| Listed Company | 5 |
| Market Cap. (MMK) | 512,302 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 100 |
| FPB | 00004 | 21,000 | ▼ 1,000 |
| TMH | 00005 | 2,700 | ▲ 0 |

TIR